
## (၃) ဘက်တီးရီးယားပင်ညှိုးရောဂါ (Bacterial wilt)

**ရောဂါဖြစ်စေသောသက်ရှိ - *Ralstonia solanacearum* (Smith 1896) Yabuuchi et al. 1996**

**ရောဂါလက္ခဏာ**

အရွက်များသည် အရောင်ပြောင်းလဲမှုမရှိဘဲညှိုးသွားသည်။ မြေကြီးနှင့်ကပ်လျက် ရှိ သော ပင်စည်အားဖြတ်၍ ရေထဲနှစ်ကြည့်ပါက ဘက်တီးရီးယားစိမ့်ထွက် ရည်များကို တွေ့ရသည်။ ပင်စည်ခွဲကြည့်လျှင် အစာ/ရေကြောစည်းများ အညိုရောင်ပြောင်း လဲနေသည်။ ရောဂါကျ အာလူးဥများ၏မျက်စိနှင့် ပင်စည်နှင့်အာလူးဆက်နေသည့်နေရာမှ အဖြူရောင် ဘက်တီးရီး ယားစိမ့်ထွက်ရည်များထွက်နေသည်ကိုတွေ့ရသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကို ရွေးချယ်စိုက်ပျိုးပါ။
- ရောဂါကင်းသောအာလူးမျိုးများကိုစိုက်ပျိုးပါ။
- ရေဝပ်မှုမရှိအောင်ဆောင်ရွက်ပါ။
- စိုက်ခင်းမြေတွင် နီမတုတ်များရှိခြင်းသည် ဘက်တီးရီးယားပင်ညှိုးရောဂါကို ပိုမို ဆိုးရွားစေသည်။

- ရောဂါသည် သီးနှံစိုက်ရာသီဆက်တိုက်ကျပါက ဧရုတ်၊ ခရမ်းချဉ်၊ အာလူး မဟုတ်သောအခြားသီးနှံများနှင့်အလှည့်ကျစိုက်ပျိုးပါ။
  ကျစိုက်ပျိုးပါ။